# Get Moteoovated

Issue Seventeen June, 2020
အတွဲ ၁၇၊ ဇွန်လ ၂၀၂၀ ပြည့်နှစ်။

Mote Oo Education
မုဒ်ဦးပညာရေး




## In this Issue...

About Us 2

Departmental Updates 3-5

Ask the Trainer 6

Meet the Partners 7

Meet the Staff 8

The Story of Mote Oo 9

Places to Get Mote Oo Materials 10

**Vision**
People of Myanmar can access quality inclusive education.

**Mission**
Promote social justice through context appropriate education materials and services for the adult education sector.

အနာဂတ်ပုံရိပ်
အားလုံးပါဝင်နိုင်သော အရည်အသွေးမြင့် ပညာရေးကို မြန်မာနိုင်ငံတွင် နေထိုင်သူများ ရရှိနိုင်သည့် အခြေအနေတစ်ရပ်ကို မျှော်မှန်းပါသည်။

အဓိကလုပ်ငန်းစဉ်
အရွယ်ရောက်ပြီးသူ ပညာရေးကဏ္ဍအတွက် ရပ်ရွာဒေသ အခင်းအကျင်းနှင့် ဆီလျော်သော ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများနှင့် ဝန်ဆောင်မှုများ ပေးခြင်းအားဖြင့် တရားမျှတသော လူမှုအသိုင်းအဝိုင်း တစ်ခုဖော်ဆောင်ရန်။

## Our Results

Students

Over 41,000 students have used our educational resources throughout Myanmar and Myanmar's borders.

မြန်မာနိုင်ငံတဝှမ်းနှင့်၊ နယ်စပ်ဒေသ တလျှောက်ရှိ ကျောင်းသူ၊ ကျောင်းသားပေါင်း ၄၁,၀၀၀ ကျော်မှ မုခ်ဦး၏ ပညာရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးပြုခဲ့ကြသည်။

Teacher Trainings

We have conducted over 330 teacher trainings and educational workshops.

မြန်မာနိုင်ငံတဝှမ်း ဆရာအတတ်သင် သင်တန်းများနှင့် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အရေအတွက်ပေါင်း ၃၃၀ ကျော်ကို ပြုလုပ်ပေးနိုင်ခဲ့သည်။

Schools & Orgs

We have over 300 partners in Myanmar and on its borders.

မြန်မာနိုင်ငံတဝှမ်းနှင့်၊ နယ်စပ်ဒေသ တလျှောက်ရှိ ကျောင်းများ၊ အဖွဲ့အစည်းပေါင်း ၃၀၀ ကျော်က မုခ်ဦးသင်ရိုးညွှန်းတမ်း များကို လက်ခံရရှိခဲ့ကြပါသည်။

Books Distributed

We have distributed over 63,300 books since April 2013.

၂၀၁၃ ဧပြီလမှ စတင်ကာ စာအုပ်ပေါင်း ၆၃,၃၀၀ ကျော်ဖြန့်ဝေနိုင်ခဲ့သည်။

## စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာန
## Admin & Finance Department



In this quarter, Admin & Finance department needed to deal with Covid 19 pandemic-related difficulties. We informed all partners that training would be postponed, closed the office throughout most of April during the government's home lockdown period, except for essential staff. Until the end of June, staff are encouraged to work from home as much as possible. Some staff who were out of Myanmar when Covid-19 struck are unable to get back, and are working from other countries.

Most meetings over this quarter have been held online. The Finance team has conducted accounting processes online with our Shan state-based civic education partners, currently running their own projects supported by one of Mote Oo's donors.

Mote Oo has been working together with UNESCO Thailand to make our materials available on their website https://www.learnbig.net/. According to their data, these have been very popular.

The University Support (Pilot) Programme has concluded, and in the absence of specific funding for this, we have decided not to expand it into a permanent programme. However, training, curriculum support and other services to universities will continue under the Training and Curriculum Departments.

The Post secondary conference run jointly by Mote oo and Child's Dream that was originally scheduled for late May has been postponed until November 28-29. Save the Date!

ဤဒုတိယ သုံးလပတ်တွင် စီမံခန့်ခွဲရေးဌာနသည် ကမ္ဘာ့ကပ်ရောဂါဆိုး ဖြစ်စေသည့် ကိုဗစ် ၁၉နှင့်သက်ဆိုင်သော အခက်အခဲများကို ရင်ဆိုင်ရပါသည်။ မုခ်ဦးမှ မိတ်ဖက်အဖွဲ့အစည်းများအား သင်တန်းများအားလုံးကို ရွှေ့ဆိုင်း ထားကြောင်း အသိပေးကြေညာခဲ့ရပါသည်။ ဧပြီလအတွင်း အစိုးရသတ်မှတ်ထားသော အိမ်တွင်းနေထိုင်ရေး ကာလတွင် မုခ်ဦးရုံးကို ပိတ်ထားရကာ ကျန်ရှိသော အချို့ရက်များတွင် မဖြစ်မနေလိုအပ်သော ဝန်ထမ်းတစ်ချို့မှလွဲ၍ ကျန်ဝန်ထမ်းများကို နေအိမ်မှ နေထိုင်ကာ အလုပ်လုပ်စေရပါသည်။ ဇွန်လအကုန်အထိ ဝန်ထမ်းများအား ဖြစ်နိုင်သမျှ အိမ်မှနေ၍ အလုပ်လုပ်ရန် တိုက်တွန်းထားခဲ့ရသည်။ ကိုဗစ်စတင် ဖြစ်ပွားချိန်တွင် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဝန်ထမ်းအချို့မှာ ရောက်ရှိရာ နိုင်ငံများမှနေ၍ အလုပ်လုပ်ကိုင်နေကြရပါသည်။

ဤကာလအတွင်း အစည်းအဝေး အများစုကို အွန်လိုင်းမှသာ ပြုလုပ်ကြရပါသည်။ မုခ်ဦး၏ အလှူရှင် အဖွဲ့အစည်းတစ်ခု၏ အထောက်အပံ့ဖြင့် မိမိတို့စီမံကိန်းအချို့ကို ပြုလုပ်ကြမည်ဖြစ်သော ရှမ်းပြည်နယ် အခြေစိုက် နိုင်ငံသားပညာရေး စီမံကိန်းမိတ်ဖက်အဖွဲ့များကိုတော့ မုခ်ဦး၏ ဘဏ္ဍာရေးအဖွဲ့မှ ငွေစာရင်းသင်တန်းတစ်ခုကို အွန်လိုင်းမှ ပို့ချခဲ့ပါသည်။ မုခ်ဦးသည် ထိုင်းနိုင်ငံမှ UNESCO အဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေပြီး သူတို့၏ ဝဘ်ဆိုဒ်ဖြစ်သော https://www.learnbig.net/ တွင် မုခ်ဦးစာအုပ်များကို တင်ပြထားပြီး ၎င်းတို့၏ မှတ်တမ်းမှတ်ရာ အချက်အလက်များအရ အဆိုပါစာအုပ်များကို လူဖတ်များကြသည်ဟုလည်း သတင်းကောင်းကြားရပါသည်။

တက္ကသိုလ်များ အထောက်အပံ့ အစီအစဉ်မှာ တိုးချဲ့ခြင်းမပြုတော့ဘဲ ရပ်ထားခဲ့ပါသည်။ သို့ရာတွင် တက္ကသိုလ်များအတွက် သင်တန်းများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ နှင့် အခြားသော ဝန်ဆောင်မှုများကိုတော့ သင်တန်းနှင့် သင်ရိုးညွှန်းတမ်းဌာနများ မှနေ၍ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

မုခ်ဦးနှင့် Child's Dream တို့ပူးပေါင်း၍ နဂိုမူလက မေလကုန်တွင် ပြုလုပ်ရန် ရည်ရွယ်ထားခဲ့သော အထက်တန်းလွန် ပညာရေးညီလာခံ ကိုလည်း နိုဝင်ဘာလ ၂၈-၂၉သို့ ပြောင်းရွှေ့ထားပါသည်။ အဆိုပါရက်ကို မှတ်ထားပေးကြပါရန်။



Mote Oo's Trainers from Teacher Training Department are doing Zoom meeting to prepare online training courses!

| Training Title | Location |
|---|---|
| Social Science and Humanities Teaching Online Course | Yangon |
| Social Cohesion Training of Trainer | Yangon |

## SSH Online Training Description
## လူမှုသိပ္ပံနှင့် လူမှုဘာသာရပ်များ ဆိုင်ရာ အွန်လိုင်း စာသင်ခန်း

Mote Oo's Teacher Training Department ran Social Science and Humanities training to the teachers from Myint-Mo Education Foundation: Cherry Myay Academy (Taunggyi), Pyinnya Tagar Academy (Myitkyina), Education Gathering Group (Hpa-an), Level Up (Loikaw), and Victoria Academy (Hakha). With the travel restrictions and social distancing, we decided to do this online

We used Zoom and facebook for interaction, and miro.com as online whiteboards and visual aids. The training was challenging and rewarding at the same time. It is good to see teachers reflecting on how to deliver their own social science classes.

မုခ်ဦး သင်တန်းဌာနသည် မြင့်မိုရ် ပညာရေး ဖောင်ဒေးရှင်း၊ တောင်ကြီးမှ ချယ်ရီမြေ၊ မြစ်ကြီးနားမှ ပညာ့တံခါး၊ ဖားအံမှ Education Gathering Group၊ လွိုင်ကော်မှ Level Up, ဟားခါးမှ Victoria Academy တို့အတွက် Social Science and Humanities လူမှုသိပ္ပံနှင့် လူမှုဘာသာရပ်များ တင်ဆက်သင်တန်းပေးရန် ခရီးသွားလာမှု အကန့်အသတ်များရှိလာသောကြောင့် တင်ဆက်လေ့လာ/လေ့ကျင့်မှုကို အွန်လိုင်းတွင်သာ ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

သင်ရိုးစာအုပ်ကို တင်ပြခြင်း၊ စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးလေ့ကျင့်ခြင်းများကို ပြုလုပ်ရန် Zoom, Facebook, နှင့် miro.com တို့ကို တစ်ပြိုင်တည်း အသုံးပြုပြီး သင်ထောက်ကူများတင်ပြခြင်း၊ အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းများ လုပ်ခဲ့ကြပါသည်။ ခက်ခဲသော်လည်း အကျိုးရှိကြောင်းခံစားကျေနပ်ရသည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ပါသည်။ ဆရာ/မ များအနေနှင့်မိမိတို့ ပြန်လည်သင်ကြားမည့် Social Sciences and Humanities စာသင်ခန်းများတွင် မည်သို့ကောင်းစွာ သင်ကြားနိုင်မည်ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မှုများ ဆောင်ရွက်နိုင်ခဲ့စေသည့် အွန်လိုင်းစာသင်ခန်းလည်း ဖြစ်ခဲ့ပါသည်။

## Publication Department ထုတ်ဝေရေးဌာန



The publication team is busy as usual. We finished the layout and proofreading on the Myanmar versions of the Social Cohesion toolkit, and work continues on the Myanmar versions of the New Teacher 4 (Assessment) the Research module and the updated version of the New Teacher 1 in quarter two. We also designed the Non-Profit Post-Secondary Conference logo, and have been working on illustrations for Peacebuilding.

ထုတ်ဝေရေးဌာနကတော့ ထုံးစံအတိုင်း အလုပ်များပါတယ်။ လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု မြန်မာဘာသာကို အခုအခါ ဒီဇိုင်းချခြင်း၊ တည်းဖြတ်ခြင်းတို့ ပြီးစီးကာ၊ ခေတ်သစ်ဆရာ ၄ (အကဲဖြတ်ခြင်း)၊ သုတေသနဆိုင်ရာ ကျွမ်းကျင်မှု နှင့် ခေတ်သစ်ဆရာ ၁ ကို မွမ်းမံခြင်းတို့ကို ဆက်လက်ပြုလုပ်နေပါတယ်။ အကျိုးအမြတ်မပါတဲ့ အထက်တန်းလွန် ပညာရေးညီလာခံဆိုင်ရာ အမှတ်တံဆိပ်ကိုလည်း ဒီဇိုင်းရေးဆွဲထားပြီး ဖြစ်ပါတယ်၊ ငြိမ်းချမ်းမှု တည်ဆောက်ခြင်းစာအုပ်အတွက် ပုံစံရေးဆွဲခြင်းတွေကိုလည်း ပြုလုပ်နေပါတယ်။




## Curriculum Department သင်ရိုးညွှန်းတမ်းဌာန

Due to Covid-19 no curriculum workshops were held during quarter two. Curriculum Department staff and consultants have been working on modules for Federalism, Ethical Leadership and an Introduction to Teaching. We've also been very busy helping with the NVFC project (see below).

ယခုဒုတိယ သုံးလပတ်အတွင်း ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် မည်သည့် သင်ရိုးညွှန်းတမ်း အလုပ်ရုံဆွေးနွေးပွဲမှ မလုပ်ဖြစ်ပါ။ သင်ရိုးညွှန်းတမ်းဌာန ဝန်ထမ်းများနှင့် အတိုင်ပင်ခံများသည် ဖယ်ဒရယ်ဝါဒ၊ ကျင့်ဝတ်ညီ ခေါင်းဆောင်မှု နှင့် သင်ကြားမှု မိတ်ဆက်တို့ကို ရေးသားနေကြပါသည်။ ကျွန်ုပ်တို့သည် အမျိုးသားသက်မွေးပညာအခြေခံအောင်လက်မှတ် (NVFC) စီမံကိန်းကိုလည်း ကူညီနေရသဖြင့် အလုပ်များနေကြပါသည်

## Special Projects

In quarter two, Mote Oo have been:

- Writing units on life skills, numeracy, literacy, IT, English and health for a vocational education programme.
- Designing an online peace education resource for teacher educators.
- Layout and design for two informational flyers
- Creating a resource on Minority Rights for the American Jewish World Service.
- Creating Myanmar and English language resources on Peacebuilding and Social Cohesion for the Centre for Social Integrity.
- Graphic design and layout for a project to upskill academic managers and support services.

**အထူးစီမံကိန်းများ**

ယခုဒုတိယ သုံးလပတ်တွင် မုန်ဦးသည် အောက်ပါစီမံကိန်းများ လုပ်ဆောင်နေပါသည်။

» သက်မွေးမှုပညာ အစီအစဉ်အတွက် ဘဝတွက်တာ ကျွမ်းကျင်စရာ၊ စာတတ်မြောက်မှု၊ သင်္ချာ၊ IT နည်းပညာတတ်မြောက်မှု၊ အင်္ဂလိပ်စာနှင့် ကျန်းမာရေး အသိပညာ စသည့် ဘာသာရပ်များကို ရေးသားနေပါသည်။

» ဆရာအတတ်သင်များအတွက် ငြိမ်းချမ်းမှုပညာ အွန်လိုင်းရင်းမြစ်များကို ပုံစံချနေပါသည်။

» သတင်းအချက်အလက် လက်ကမ်းစာစောင်နှစ်ခုအတွက် ဒီဇိုင်းပြုလုပ်ပေးခြင်း

» American Jewish World Service အတွက် လူနည်းစု အခွင့်အရေးများစာအုပ်ရင်းမြစ် ဖန်တီးခြင်း

» Centre for Social Integrity အတွက် ငြိမ်းချမ်းမှု တည်ဆောက်ခြင်း နှင့် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု စာအုပ်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖန်တီးခြင်း

» ပညာရှင် မန်နေဂျာများနှင့် အထောက်အကူပြု ဝန်ဆောင်မှုများအတွက် ကျွမ်းကျင်မှု မြင့်တင်ရေး စီမံကိန်းတစ်ခုအတွက် ဂရပ်ဖစ်ဒီဇိုင်း ဖန်တီးပေးခြင်း

## Peace Education Project ငြိမ်းချမ်းမှုပညာ စီမံကိန်း

Quarter two was comparatively calmer for the peace team, because we couldn't hit the road and conduct trainings due to the pandemic. We therefore mostly worked from home on several writing projects: The Peacebuilding textbook which we're writing for the Center for Social Integrity (CSI) is in the completion stage. While this writing projects end, the Social Science of Religions textbook is slowly moving forward. The Burmese version of the Social Cohesion Toolkit will be available very soon and we already did a Social Cohesion training for CSI based on this toolkit in June.

We also spend some time building our capacity: Especially Nang Lao Kham will bring exciting new skills into future trainings: She just completed an intensive 10 weeks online course about peace and conflict work with the Academy for Conflict Transformation in Germany.

We're eager to conduct our regular peace education trainings again, but this will likely take a few more months until this is possible. We're hoping to start our new Peace Educator training series in quarter four which is very exciting for all of us. Before that we'll likely conduct a few introductory webinars to the training series. We'll keep you posted and look forward to seeing our old and new friends hopefully very soon!

ငြိမ်းချမ်းမှုပညာပေး စီမံကိန်းအတွက် ဒုတိယ၃လပါတ်ကတော့ အေးအေးဆေးဆေးပါပဲ။ ကပ်ရောဂါကြောင့် သင်တန်းတွေလည်း မလုပ်ရသလို ခရီးတွေလည်း မထွက်ရတော့ပါဘူး။ ဒါကြောင့် စီမံကိန်းတွေအတွက် စာရေးတဲ့အလုပ်တွေကိုပဲ အိမ်ကနေလုပ်ကြပါတယ်။ Center for Social Integrity (CSI)အတွက် ရေးသားပေးလျှက်ရှိတဲ့ ငြိမ်းချမ်းမှု တည်ဆောက်ခြင်း ဖတ်စာအုပ် ရေးသားခြင်းဟာ အဆုံးသတ်အဆင့်ကို ရောက်ရှိနေပါပြီ။ ဒီစာအုပ်ပြီးသွားရင် ဘာသာတရားများဆိုင်ရာ လူမှုသိပ္ပံစာအုပ်ကိုဆက်လက် ရေးသားသွားမှာ ဖြစ်ပါတယ်။ လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု စာအုပ် မြန်မာဘာသာပြန်ကိုလည်း မကြာခင်မှာ ဖြန့်ချီ နိုင်တော့မှာဖြစ်ပြီး ဇွန်လထဲမှာ CSI အတွက် ရုံးတွင်း Social Cohesion သင်တန်းကိုလည်း (၃)ရက်တာ ပြုလုပ်ပေးခဲ့ ပါသေးတယ်။

ကျွန်တော်တို့ အဖွဲ့သားများရဲ့ စွမ်းဆောင်ရည်အတွက်လည်း အဆက်မပြတ် သင်ယူလေ့လာမှုများ ပြုလုပ်နေပါကြပါတယ်။ အဖွဲ့ဝင်တစ်ယောက်ဖြစ်သူ နန်းလောဝ်ခမ်းဟာ မကြာခင်ကပဲ ဂျာမနီနိုင်ငံHthe Academy for Conflict Transformationကဖွင့်လှစ်သင်ကြားတဲ့peace and conflict work အွန်လိုင်းသင်တန်းကို(၁၀)ပါတ်ကြာတက်ရောက်ပြီးဆုံးခဲ့ပါပြီ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ အရမ်းကို သင်တန်းတွေ ပြန်လည်သင်ကြားချင်ပေမယ့်လည်း နောက်ထပ်လအနည်းငယ်လောက် အချိန်ယူ ရပါဦးမယ်။ နောက်လာမယ့် စတုတ္ထ ၃လပါတ်မှာ Peace Educator training series ပြုလုပ်ဖို့ ပြင်ဆင်နေပြီး အဲ့ဒီအတွက်လည်းအများကြီး မျှော်လင့်ထားပါတယ်။ အဲ့ဒီအချိန်မတိုင်ခင်မှာလည်း ကျွန်တော်တို့ webinar အနည်းငယ်ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ များမကြာမီမှာ ကျွန်တော်တို့ သူငယ်ချင်းဟောင်းများ သူငယ်ချင်းသစ်များနဲ့ ပြန်လည်ဆုံတွေ့ နိုင်မယ်လို့ ယုံကြည်ပါတယ်။ စကားမစပ် မုခ်ဦးရဲ့ Facebook page မှာ ငြိမ်းချမ်းမှုပညာပေးရေး စီမံကိန်းရဲ့ documentary video လေးတင်ထားပါတယ်။ မကြည့်ရသေးရင် ကြည့်လိုက်ဦးနော်။

## Civic Education Project နိုင်ငံသား ပညာရေးစီမံကိန်း

Due to COVID-19, we have worked from our homes and online for the most part of April and May. Starting from June, we are back at the Mote Oo office.

We have participated in an online conference for media initiatives to promote civic education. We have also been in close contact with our partner organisations across Shan State, who are now preparing to do community needs assessments and, eventually, social justice projects locally in their areas.

The development of a minority rights textbook has continued and it is currently reviewed and revised. Our team has also been involved in the creation of new textbooks on numeracy and literacy, which is part of a project another Mote Oo department is leading.

Just like many other people, our team has also spent some time self-studying when socially distancing at home.

ကိုဗစ် ၁၉ အနှောက်အယှက်ကြောင့် ဧပြီလနဲ့ မေလ အတောအတွင်း နိုင်ငံသား ပညာရေးစီမံကိန်းအဖွဲ့သားတွေဟာ အိမ်မှသော်လည်းကောင်း၊ အွန်လိုင်းမှသော်လည်းကောင်း အလုပ်လုပ်ကြရပါတယ်။ ဇွန်လဆန်းကစပြီးတော့ မုခ်ဦးရုံးမှ ပြန်စတင် အလုပ်လုပ်ပါတယ်။

နိုင်ငံသား ပညာရေး အသိပညာမြှင့်တင်ရေးအတွက် မီဒီယာများက ရှေ့ဆောင်ဦးရွက်ပြုတဲ့ အွန်လိုင်းကွန်ဖရင့် တစ်ခုကိုလည်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ယခုအခါ ရပ်ရွာလိုအပ်မှု အကဲဖြတ်ချက် ကိုပြုလုပ်ဖို့ ပြင်ဆင်နေကြပြီး၊ နောက်ဆုံးမှာ လူမှုတရားမျှတရေး စီမံကိန်းတွေကို အကောင်အထည် ဖော်မှာဖြစ်တဲ့ ရှမ်းပြည်နယ်က မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း အနီးကပ်ဆက်သွယ်မှုတွေကတော့ ရှိနေပါတယ်။

လူနည်းစု အခွင့်အရေးများ စာအုပ်ကို ဆက်လက်ရေးသားနေပြီး လက်ရှိမှာတော့ ပြန်လည်သုံးသပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း စတာတွေ လုပ်နေပြီ ဖြစ်ပါတယ်။ အခြားသော မုခ်ဦးဌာနတစ်ခုရဲ့ စီမံကိန်းတစ်ခုဖြစ်တဲ့ သင်ရိုးညွှန်းတမ်း ရေးသားရေးလုပ်ငန်းစဉ်မှာလည်း စာတတ်မြောက်မှုနဲ့ သင်္ချာဘာသာရပ်တို့ ရေးသားရာမှာလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

အခြားသော လူအများစုလိုပါပဲ အခုလို Social Distancing ကာလကြီးမှာ ကျွန်ုပ်တို့အဖွဲ့သားတွေလည်း လေ့လာမှုတွေကို ကိုယ့်ဘာသာ ပြုလုပ်နေကြပါတယ်။

*How can I teach online classes to be effective and engage during COVID 19 pandemic?*

ကိုဗစ် ၁၉ ကပ်ရောဂါ ကာလအတွင်း အွန်လိုင်းမှစာသင်ကြားခြင်းကို ထိရောက်အကျိုးရှိအောင် ဘယ်လိုလုပ်ရမလဲ။

Teaching online is quite challenging for those who are not so much familiar with technology. For me, I enjoy teaching face to face classes more than through online methods. However, online teaching is necessary in the current situation with social distancing. Before you start online teaching, familarise yourself with the tools of online learning platforms. Prepare guided discussion questions and instructions the same as if students are not physically in front of you.

Your lectures need to be shorter and should focus on specific concepts. Give individual reading tasks, create breakout sessions for discussions, facilitate collaborative activities, and give constructive feedback in an online environment. Encourage students to be accountable in discussion and collaboration tasks. Be creative yourself.




နည်းပညာနဲ့ သိပ်မရင်းနှီးတဲ့သူတွေအတွက် အွန်လိုင်းက စာသင်ရတာဟာ နည်းနည်းတော့ စိန်ခေါ်မှုရှိတယ်။ ကျွန်မအနေနဲ့ဆိုရင် မျက်နှာချင်းဆိုင် အပြင်မှာသင်ရတာ ပိုကြိုက်တယ်။ ဒါပေမယ့်လည်း အခုလို လူမှုရေးအရခပ်ခွာခွာနေရမယ့် ကာလအတွင်းမှာတော့ အွန်လိုင်းက သင်ကြားတာ အကောင်းဆုံးပါပဲ။ သင်ကြားရေးပြုလုပ်သူ အများစုကတော့ သင်ကြားရေးအတွက်ပဲဖြစ်ဖြစ်၊ အစည်းအဝေးပဲဖြစ်ဖြစ်၊ အလုပ်ရုံဆွေးနွေးပွဲအတွက်ပဲဖြစ်ဖြစ် ZOOM လိုခေါ်တဲ့ App ကို အသုံးပြုကြတာ နှစ်သက်ကြပါတယ်။ အွန်လိုင်းကနေ သင်ကြားရေးစတော့မယ်ဆိုရင် အဓိက ကတော့ ကိုယ်သုံးမယ့် platform tools တွေနဲ့ အရင် ရင်းနှီးအောင်လုပ်ရမယ်၊ သင်တန်းသားတွေက လူကိုယ်တိုင် ကိုယ့်အရှေ့မှာ ရှိနေမှာ မဟုတ်တဲ့အတွက် ဆွေးနွေးစရာ မေးခွန်းတွေ ညွှန်ကြားချက်တွေကို သေသေချာချာ ပြင်ဆင်ထားဖို့လိုမယ်။ ကိုယ်ပို့ချမယ့် သင်ခန်းစာကိုလည်း ထိထိမိမိနဲ့ လိုတိုရှင်း ဖြစ်ဖို့လိုတယ်။ ကျောင်းသားတွေကို တစ်ဦးချင်း ဖတ်စရာတွေပေးတာ၊ အွန်လိုင်းမှာ အခန်းတွေခွဲပြီး အချင်းချင်းဆွေးနွေးခိုင်းတာ၊ အတူတကွ ပူးတွဲလုပ်ဆောင်ရတဲ့ လုပ်ငန်းစဉ်တွေ အထောက်အပံ့ပေးတာ နဲ့ အပြုသဘောဆောင်တဲ့ ထင်မြင်ချက် အကြံပြုချက်များကို ပြုလုပ်ပါ။ အတူတကွဆွေးနွေးလုပ်ဆောင်တဲ့အခါမှာ သူတို့ကိုယ်တိုင်တာဝန်ယူစိတ်ရှိလာအောင် လှုံ့ဆော်အားပေးတာမျိုးတွေ လုပ်ပေးသင့်ပါတယ်။ကိုယ်တိုင် တီထွင်ဖန်တီးမှု ရှိပါ။

## KURVE Wustrow

KURVE Wustrow is the main supporter of Mote Oo's Civic and Peace Education Department. The organisation is celebrating its 40th birthday this year - not growing old but becoming more and more vibrant every year. KURVE Wustrow was founded by activists from the movement against atomic energy and the peace movement in northern Germany in 1980.The core principle of nonviolent action remains, but the scope has expanded way beyond the borders of northern Germany. Nowadays, KURVE Wustrow works in partnership with more than 18 civil society organizations in 10countries from Myanmar to Bosnia and Herzegovina. We're partnering with them since 2013 in many ways: Although they fund most of our peace work, they're not a donor organization but a partner. Similar to Mote Oo, KURVE Wustrow is a grass roots activist organization with very committed staff members who support our work intellectually and professionally, through training, joint project management and sharing experiences."By the way don't forget to check out Myanmar calling II documentary about peace team's work recorded by Kurve Wustrow in Mote Oo's Facebook page."

Thank you.




KURVE Wustrow သည် မုခ်ဦး၏ နိုင်ငံသားနှင့် ငြိမ်းချမ်းမှု ပညာဌာနကို အဓိကထောက်ပံ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ကြာပြောင်းလာတာ မဟုတ်ဘဲ ပိုမိုပြီး တောက်ပထင်ရှားလာနေတဲ့ အဖွဲ့အစည်းက ယခုနှစ်မှာတော့ အနှစ်၄၀မြောက် အထိမ်းအမှတ်ကို ပြုလုပ်မှာ ဖြစ်ပါတယ်။ ယနေ့ကာလမှာ မြန်မာမှ ဘော့စနီးယား ဟာဇီကိုဗီးနားအထိ နိုင်ငံပေါင်း ၁၀နိုင်ငံက လူထုအခြေပြု လူ့အဖွဲ့အစည်းပေါင်း ၁၈ခုကျော်နဲ့ KURVE Wustrow ဟာမိတ်ဖက်တွေအဖြစ် လုပ်ကိုင်နေပါတယ်။ မုခ်ဦးကတော့ ၂၀၁၃ခုနှစ်ကတည်းက မိတ်ဖက်တွေအဖြစ် ကဏ္ဍများစွာမှ စတင်လုပ်ဆောင်ခဲ့ပြီး၊ မုခ်ဦးရဲ့ ငြိမ်းချမ်းမှုပညာ လုပ်ငန်းတွေကို အများစု ထောက်ပံ့နေပေမယ့် သူတို့ဟာ donor အဖွဲ့အစည်းနေနဲ့ မဟုတ်ဘဲ မိတ်ဖက် အဖွဲ့အစည်းအနေနဲ့ ရပ်တည်ပါတယ်။ မုခ်ဦးနဲ့ ဆင်တူစွာပဲ လုပ်ငန်းခွင်မှာ အလွန်မြုပ်နှံမှု အားကောင်းတဲ့ ဝန်ထမ်းအဖွဲ့ဝင်တွေနဲ့အတူ KURVE Wustrow ဟာ အခြေခံလူတန်းစား တက်ကြွလှုပ်ရှားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ သူတို့ဝန်ထမ်းတွေဟာ ပူးတွဲစီမံကိန်း စီမံခန့်ခွဲမှုနှင့် အတွေ့အကြုံတွေကို ဝေမျှခြင်းတွေ သင်တန်းတွေ ကနေတဆင့်မုခ်ဦးရဲ့ အလုပ်တွေကို တွေးခေါ်ဆင်ခြင်တတ်စွာနဲ့ ပညာရှင်ဆန်စွာ ကူညီပေးနေပါတယ်။ -စကားမစပ် မုခ်ဦးရဲ့ ဖေ့စ်ဘုတ်စာမျက်နှာမှာ တင်ထားပြီး KURVE Wustrow ရိုက်ကူး တင်ဆက်ထားတဲ့ မြန်မာ့ခေါ်သံ ၂ ကို ကြည့်ရှုဖို့ မမေ့ပါနဲ့လို့ သတိပေးလိုက်ပါတယ်၊ ကျေးဇူးပါ။



## Kyaw Zin ကျော်ဇင်

My name is Kyaw Zin - I started working with Mote Oo Education in 2019 as a Civic and Peace Assistant Trainer. I'm very happy in Mote Oo because of its diverse national and international staff, and the chance to share my knowledge in the training field. I lived on the Thai/Myanmar border, studying and working, for over a decade, but I always had dreams to go back and work on peace and development issues inside Myanmar. I came back in the middle of 2018, and felt that one of my dream had true.

'To love ' - it's easy to say to societies, friends, family and country. I believe that there is a lot of work to do behind it to grow "love" everywhere,as myself

helping encourage people as much as I can while I am providing peace training.

ကျွန်တော်နာမည် ကျော်ဇင် ဖြစ်ပါတယ်။ နိုင်ငံသားနှင့် ငြိမ်းချမ်းရေး လက်ထောက်သင်ပေးသူအဖြစ် မုခ်ဦးပညာရေးမှာ ၂၀၁၉ မှာ အလုပ်စဝင်ခဲ့ပါသည်။ မုခ်ဦးပညာရေးမှာအလုပ်လုပ်ရတာအရမ်းပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မတူကွဲပြားဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားပြီး၊ ကျွန်တော်ရဲ့အသိပညာတွေကို သင်တန်းပေးတဲ့နေရာမှာ ဝေမျှခွင့်လည်းရပါတယ်။ ကျွန်တော်အိမ်မက်က မြန်မာနိုင်ငံကိုပြန်ပြီး ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး နဲ့ပတ်သက်ပြီး အလုပ်လုပ်မယ် ဘာကြောင့်လဲဆိုတော့ ဆယ်စုနှစ်တစ်ခုကျော်လောက် ထိုင်း/မြန်မာ နယ်စပ်မှာ ပညာသင်ကြားခဲ့တယ်၊ အလုပ်လုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ၂၀၁၈ နှစ်လယ်လောက်မှာ ပြန်လာခဲ့တယ်။ ကျွန်တော်အိမ်မက်တစ်ခုပြည့်တယ်လို့ခံစားရပါတယ် ဘာလို့လဲဆိုတော့ ကျွန်တော်ရဲ့ အမိမြေမှာ ပြန်လာပြီး ကျွန်တော် လုပ်ချင်တဲ့ အလုပ်ကို လုပ်ရလို့ဖြစ်ပါတယ်။

ချစ်ကြပါ - ဟုတ်ပါတယ်ချစ်လိုက်ပါ၊ ကျွန်တော်တို့ရဲ့ လူအသိုင်းအဝန်း၊ သူငယ်ချင်း၊မိသားစု နှင့် နိုင်ငံကို -ချစ်တယ်ဆိုတဲ့ စကားလေး- ပြောဖို့ဆိုတာ အရမ်းလွယ်ကူပါတယ်။ နေရာတိုင်းမှာ -အချစ်- တွေတိုးပွားလာဖို့ နောက်ကွယ်မှာ လုပ်စရာတွေအများကြီးရှိတယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ငြိမ်းချမ်းရေးသင်တန်းတွေ ပေးနေရင်းဖြင့် အသိပညာပေးမှုတွေ၊ ကူညီမှုတွေ စသည်တို့ကို တတ်နိုင်သလောက် အကောင်အထည်ဖော်နေသော လူငယ်တစ်ယောက်ဖြစ်ပါတယ်။

## Aye Sandar Oo အေးစန္ဒာဦး



This is Aye Sandar Oo from the Finance Department of Mote Oo. She is from Yangon and went to North Dagon University and achieved a Bachelor of Science in Chemistry.

She has also completed a UK accounting diploma in LCCI level 1,2 and 3. She is currently studying ACCA part 1 as well. During her studies, she was mostly skipping classes and going out with friends.

She also has worked as a teacher at an international school, held administration and finance, program assistant and finance officer positions at different organization during the past 8 years.

She started her work as Finance Officer at Mote Oo in April 2019. Unlike her student life, she is a hardworking person and takes her work seriously. She aims to become a financial consultant and professional auditor in the future.

သူမက မုဥ်ဦးရဲ့ ဘဏ္ဍာရေးဌာနက အေးစန္ဒာဦးပါ။ ရန်ကုန်ဇာတိဖြစ်ပြီးတော့ ဒဂုံတက္ကသိုလ်ကနေ ဓာတုဗေဒ သာသာရပ်နဲ့ သိပ္ပံဘွဲ့ရရှိထားပါတယ်။ UK ဒီပလိုမာတွေဖြစ်တဲ့ LCCI 1,2,3 တို့ကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ ACCA part 1 ကို သင်ယူနေပါတယ်။ သူမက ဒီလိုသင်ကြားနေရင်းကနေလည်း သူငယ်ချင်းတွေနဲ့ လျှောက်သွားတတ်ပါသေးတယ်။ လွန်ခဲ့တဲ့ ၈နှစ်တာ ကာလအတွင်းမှာတော့ သူမဟာ အင်တာနေရှင်နယ် ကျောင်းမှာ ဆရာမလုပ်ဖူးတာ၊ အဖွဲ့အစည်းတွေမှာ စီမံဘဏ္ဍာလက်ထောက်၊ စီမံကိန်းလက်ထောက်နဲ့ ဘဏ္ဍာရေး အရာရှိ စတာတွေ လုပ်ဆောင်ခဲ့ဖူးပါတယ်။ မုခ်ဦးရဲ့ ဘဏ္ဍာရေး အရာရှိတာဝန်ကိုတော့ သူမဟာ ၂၀၁၉ခုနှစ် ဧပြီလမှာ စတင်တာဝန်ယူခဲ့ပါတယ်။ လုပ်ငန်းခွင်မှာတော့ သူမကျောင်းသား ဘဝတုန်းကလို မဟုတ်ဘဲ အလုပ်ကို သေသေချာချာ လုပ်ပါတယ်။ အနာဂတ်မှာတော့ သူမဟာ ငွေကြေးဆိုင်ရာ အတိုင်ပင်ခံနဲ့ ပရော်ဖက်ရှင်နယ် စာရင်းစစ်တယောက်ဖြစ်ဖို့ ရည်မှန်းချက်ထားရှိပါတယ်။

During April and May, most Mote Oo staff members worked from home. Can you match the staff member with their home workstation?

1. Kyaw Zin, Civics and Peace Department
2. Angelika, Civics and Peace Department
3. Ei Mon Kyaw, Teacher Training Department
4. Matty, Publications Department
5. Shwe Htay Khant, Teacher Training Department
6. Moh Moh, Teacher Training Department
7. Nila Win, Publications Department
8. Lin, Admin and Finance Department
9. Gray, Curriculum Department


(a)




(b)





(c)




(d)




(e)



(f)




(g)



(h)



(i)



1. (i) 2. (h) 3. (b) 4. (a) 5. (e) 6. (d) 7. (f) 8. (c) 9. (g)

| Yangon , Myanmar | |
|---|---|
| Mote Oo Office | No. A4, Mya Kan Thar Street, Mya Kan Thar Housing (near Hledan area), Ward No.2, Kamayut Township, Yangon |
| Sar Pay Nan Taw | Kyauktada Township, Yangon |
| Monument Books and Toys Shop | No. 150, Dhamazedi Road, Bahan Township, Yangon |
| Nagar Ni Book Shop, TAB BookCenter (1) | No. 108, Ground Floor, Sanchung Road , Sanchaung Township, Yangon |
| TAB Book Center (2) | Culture Valley, Sanchaung Township, Yangon. |
| TAB Book Center (3) | Taw Win Center of Third Floor, Pyay Road, Dagon Township, Yangon. |
| TAB Book Center (4) | Hledan Center of First Floor, Kamayut Township , Yangon. |
| Yar Pyae Book Shop | U Tun Lin Street, Hleden, Kamayut Tsp,Yangon. |
| Sarpaylawka 2 | No-262/264 ground floor, Pansoden Upper Block, Kyauktada Tsp, Yangon. |
| Innwa Book Shop | U Tun Lin Street, Hleden, Kamayut Tsp,Yangon. |
| Pansodan Scene | No . 144, Second Floor, Pansodan Middle Block, between Anawyahtar and Maharbandula, Kyayktada Township, Yangon |
| Mandalay, Myanmar | |
| Nagar Sar Pay | No. 290(B), 83 Street, 29 x 30 Street, Mandalay |
| Lu Htu Sar Pay | No. 221, Lat Sal Kan Yat, 84 x 33 Street, Mandalay |
| Taunggyi, Myanmar | |
| Millionaire Book Shop | No. 71-72, Cherry Street, Kan Ought Yet, Taunggyi |
| Mawlamyine, Myanmar | |
| Kyaw Kyaw Book Shop | No.10, Tha Htone Bridge Street , Mawlamyine Township |
| Naypyidaw, Myanmar | |
| La Min Win Win Sar Pay | Tabyay Kone bus compound, Opposite side of Shwe Man Thu Bus gate. |
| A Di Pa Di Sar Pay | No.Pa/168, Pwal Yone Tan, Tabyay Kone Zay, Zamhuthiri Township, NPT |
| Monywa, Myanmar | |
| A Di Pa Di Sar Pay | No. 77, Kannar Road, Phayar Gyi ward, Monywa. |
| Mae Sot, Thailand | |
| Mote Oo Office | Youth Connect Foundation, 11 Soi Ruamrang, Samaksapphakarn Road, Mae Sot, Tak 63110,Thailand |
| Borderline | 674/14 Intharakeeree Road, Mae Sot, Tak 63110, Thailand |
| Picturebook Guest House | 125/4-6 Soi 19 Intharakiri Rd, Mae Sot, Tak 63110, Thailand |
| Chiang Mai, Thailand | |
| Child's Dream Office | 238/3 Wualai Road, T. Haiya, A. Muang, Chiang Mai 50100, Thailand |
| New Zealand | |
| Freedom Shop | 162 Riddiford St, Newtown, Wellington ph: +64 4 389 3891 |

## Contact Us

### Yangon Office

No. 105-A, Yadanar Myaing Street, Yadanar Myaing housing, Ward No. 1, Kamayut Township, Yangon.
Phone: (+95) 9777368290 Email: info@moteoo.org Web: moteoo.org
Facebook: facebook.com/moteooeducation

**or**

11 Soi Ruamrang, Samaksapphakarn Road, Maesot, Tak 63110, Thailand
Phone (+66) 906709316